# Global Storybooks

globalstorybooks.net

## ဆာကီမာရဲ့သီချင်း

Ursula Nafula
Peris Wachuka
Naw Thazin Hpway

This work is licensed under a Creative Commons Attribution 4.0 International License.
https://creativecommons.org/licenses/by/4.0

# ဆာကီမာရဲ့သီချင်း



Ursula Nafula
Peris Wachuka
Naw Thazin Hpway


3

မြန်မာဘာသာ my



ဆာကီမာဟာ သူ့ရဲ့ညီမလေးနဲ့အတူ မိဘ
တွေနဲ့ နေထိုင်ပါတယ်။ သူတို့ဟာ အရမ်း
ချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်ရဲ့မြေ
မှာ နေထိုင်ပါတယ်။ သစ်ပင်တန်းတွေရဲ့အ
ဆုံးမှာ မြက်နဲ့လုပ်ထားတဲ့ သူတို့ရဲ့တဲက
လေးရှိပါတယ်။






သူဌေးကြီးဟာ သူ့ရဲ့သားကို တ
စ်ခါပြန်တွေ့လို့ အလွန်ဝမ်းသာနေပါပြီ။
သူ့ကို နှစ်သိမ့်ပေးတဲ့ ဆာကီမာကို ဆုချလို
က်ပါတယ်။ သူဟာ သူ့သားနဲ့ ဆာကီမာကို
ဆေးရုံခေါ်သွားပြီး ဆာကီမာကိုတော့အ
မြင်အာရုံပြန်ရဖို့အတွက် ခေါ်သွားတာ
ဖြစ်ပါတယ်။



အဲ့ဒီအချိန်မှာဘဲ လူနှစ်ယောက်ဟာ ထမ်းစင်နဲ့ တစ်စုံတစ်ယောက်ကို သယ်လာပါတယ်။ သူတို့ဟာ သူဌေးကြီးရဲ့ သား အရိုက်ခံရပြီး လမ်းဘေးမှာပစ်ထားခံရတာကို တွေ့လို့ဖြစ်ပါတယ်။






ဆာကီမာသုံးနှစ်အရွယ်မှာ သူဟာ အပြင်းဖျားပြီးအမြင်အာရုံဆုံးရှုံးသွားပါတယ်။ ဆာကီမာဟာ ထူးချွန်တဲ့ ကောင်လေးတစ်ယောက်ဖြစ်ပါတယ်။



ဆာကီမှာဟာ အခြားသော ၆နှစ်အရွယ်
ကောင်လေးတွေမလုပ်နိုင်တဲ့အရာတွေ
တော်တော်များများကို လုပ်ပါတယ်။ ဥပ
မာ - ရွာမှာရှိတဲ့လူကြီးတွေနဲ့ ထိုင်ပြီးအ
ရေးကြီးတဲ့အကြောင်းအရာတွေကို ဆွေး
နွေးပါတယ်။





ဆာကီမာဟာ သီချင်းဆိုပြီးတဲ့အခါ ပြန်ဖို့
လှည့်ထွက်လာပါတယ်။ ဒါပေမယ့် သူဌေး
ကြီးဟာ အပြင်ကို အမြန်ထွက်လာပြီး
“ကျေးဇူးပြုပြီးနောက်တစ်ခေါက်ဆို
ပြပါလား” လို့ပြောလိုက်ပါတယ်။



အလုပ်သမားတွေကလည်း သူတို့လုပ်နေတာတွေကို ရပ်လိုက်ပါတယ်။ သူတို့ဟာ ဆာကီမာရဲ့ လှပတဲ့သီချင်းကို နားဆင်နေကြပါတယ်။ ဒါပေမယ့် အမျိုးသားတစ်ယောက်က “ငါတို့သူဌေးကို ဘယ်သူကမှ နှစ်သိမ့်မပေးဖူးဘူး။ ဒီမျက်မမြင်ကောင်လေးဟာ သူ့ကိုနှစ်သိမ့်ပေးနိုင်မယ်လို့ ထင်နေသလား” လို့မေးတယ်။






ဆာကီမာရဲ့မိဘတွေဟာ ချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်ရဲ့အိမ်မှာအလုပ်လုပ်ပါတယ်။ သူတို့ဟာ မနက်စောစောအိမ်ကထွက်သွားပြီး ညနေနောက်ကျမှ အိမ်ကိုပြန်ရောက်ပါတယ်။ ဆာကီမာဟာ သူ့ရဲ့ညီမလေးနဲ့ဘဲ ကျန်နေခဲ့ပါတယ်။



ဆာကီမာဟာ သီချင်းဆိုရတာ ကြိုက်ပါတယ်။ တစ်နေ့တော့ သူ့အမေက “ဆာကီမာ, သားဒီသီချင်းတွေကော ဘယ်ကနေ သင်ယူရရှိခဲ့သလဲ” လို့မေးပါတယ်။





သူဟာ ပြောင်းပေါက်ကြီးတစ်ခုနားမှာရပ်ပြီးသူ့အကြိုက်ဆုံးသီချင်းကို သီဆိုနေပါတယ်။ တဖြည်းဖြည်းနဲ့ သူဌေးကြီးဟာ ပြောင်းပေါက်ကြီးကနေ ခေါင်းပြူထွက်လာပါတယ်။



နောက်တစ်နေ့မှာတော့ ဆာကီမာဟာ သူ့ညီမလေးကို သူ့ဌေးကြီးအိမ်ဆီ လိုက်ပို့ခိုင်းပါတယ်။





ဆာကီမာက "အမေရေ ဒီအတိုင်း ထွက်လာတာဘဲ၊ ကျွန်တော့်ရဲ့ခေါင်းထဲက နေသီချင်းသံတွေ ကဘြဲးပါး၊ ကျွန်တော် ဆိုလိုက်တာဘဲ" လို့ ပြန်ဖြေလိုက်တယ်။



ဆာကီမာဟာ သူ့ညီမလေးဗိုက်ဆာနေတဲ့ အချိန်တိုင်းလည်း သီချင်းဆိုပေးပါတယ်။ သူ့ညီမလေးဟာ သူအကြိုက်ဆုံးသီချင်းကို နားထောင်ပါတယ်။ သူ့ရဲ့ စိတ်သက်သာရာရာစေတဲ့တေးသွားနဲ့ သူဟာလွင့်မျောသွားပါတယ်။





ဒါပေမယ့် ဆာကီမာက အရှုံးမပေးခဲ့ပါဘူး။ သူ့ရဲ့ညီမကလေးက သူ့ကိုထောက်ခံခဲ့ပါတယ်။ သူ့ညီမလေးက “ဆာကီမာရဲ့သီချင်းတွေဟာ သမီးဗိုက်ဆာတဲ့အချိန်မှာ သက်သာမှုကိုပေးစေတယ်။ သူတို့ဟာ သူဌေးကြီးကိုလည်း သက်သာရာရစေနိုင်မှာပါ။” လို့ပြောပါတယ်။




ဆာကီမာက သူ့မိဘတွေကို “ကျွန်တော် သူ့အတွက် သီချင်းဆိုပေးနိုင်ပါတယ်” လို့ ပြောလိုက်ပါတယ်။ ဒါပေမယ့် သူ့မိဘတွေက ပယ်ချခဲ့ပါတယ်။ “သူဟာ အရမ်းကိုချမ်းသာတယ်။ သားကမျက်မမြင်တစ်ယောက်ဘဲ။ သားရဲ့သီချင်းတွေက သူ့ကိုကူညီနိုင်မယ်လို့ ထင်သလား။”





ဆာကီမာရဲ့ညီမလေးက “ဆာကီမာရေ, နောက်တစ်ခေါက်ပြီးတစ်ခေါက် ဆိုပေးပါလား” လို့တောင်းဆိုပါတယ်။ ဆာကီမာက လက်ခံပြီးထပ်ခါထပ်ခါ ဆိုပေးပါတယ်။



တစ်ညနေတော့ သူ့ရဲ့မိဘတွေဟာ အိမ်ပြန်လာပြီးတိတ်ဆိတ်နေကြပါတယ်။ ဆာကီမာက တစ်ခုခုမှားယွင်းနေပြီဆိုတာ ဆာကီမာသိလိုက်ပါတယ်။





ဆာကီမာက “အမေ၊ အဖေ ဘာတွေမှားယွင်းနေတာလဲ” လို့မေးလိုက်ပါတယ်။ ဆာကီမာက သူဌေးကြီးရဲ့သား ပျောက်သွားကြောင်း သိလိုက်ရပါတယ်။ သူဌေးကြီးဟာ အရမ်းဝမ်းနည်းပြီးအထီးကျန်နေပါတယ်။